ထပ်ပေါင်းတိုင်ကြားလွှာ ရက်စွဲ။ ။ဖေဖော်ဝါရီ ၂၀ ရက်၊ ၂၀၁၈။

မြန်မာ့သြဘာစိုက်ပျိုးရေးသွင်းအားစုစက်ရ[redacted]မှ ၂၀၁၇ အောက်တို ဘာ ၁၁ ရက်တွင် တိုင်ကြားခဲ့သော တိုင်းကြားစာသည် အင်္ဂလန်အခြေစိုက် ERM ကုမ္ပဏီ၏ သဘာဝပတ်ဝန်း ကျင်နှင့် လူမှုပတ်ဝန်းကျင်ဆန်းစစ်လေ့လာချက်(ESIA)အပေါ်အခြေခံ၍ မြန်မာ့ သြဘာကုမ္ပဏီ၏ မှားယွင်းလုပ်ဆောင်မှုများနှင့် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေး ကော်ပိုရေး ရှင်း(IFC)၏ ပျက်ကွက်မှုများကို တိုင်ကြားခဲ့ခြင်းဖြစ်ပါသည်။

ယခုထပ်ပေါင်းတိုင်ကြားလွှာမှာ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း(IFC)၏ မူဝါဒ (၁) မှ (၈) ကို ဒေသခံများ သိရှိပြီးနောက် မိမိတို့ဒေသခံများ၏ ထိခိုက်ခံစားခဲ့ပြီး၊ ထိခိုက်ခံ စားနေရဆဲများနှင့် ထိခိုက် ခံ စား ရနိုင်ခြေရှိသော ဖြစ်ရပ်အခြေအနေများကို ထပ်မံဖြည့်စွက်တိုင် ကြားရခြင်းဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးကော်ပိုရေးရှင်း၏ ချေးငွေဖြင့် မြန်မာ့သြဘာမှ အကောင်အထည်ဖော်ဆောင် ရွက်နေသော မော်ဘီစိုက်ပျိုးရေးသွင်းအားစုစက်ရုံ(HAIC)တည်ဆောက်လျက်ရှိသည့် အနီးဝန်းကျင်တွင် [redacted]တည်ရှိပြီး ရွာအားဖြင့် စုစုပေါင်း [redacted] ရွာတည်ရှိပါသည်။ အိမ်ထောင်စုဦးရေအားဖြင့် စုစုပေါင်း (၃၆၅၁)စုရှိပြီး ရဟန်း သံဃာအပါအ ဝင် လူဦးရေအားဖြင့် စုစုပေါင်း (၁၇၂၃၈)ဦးရှိပါသည်။

**လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စံသတ်မှတ်ချက်(၁)။ ။**

အဆိုပါစက်ရုံသည် သဘာဝပတ်ဝန်းကျင်ဆန်းစစ်လေ့လာချက်(EIA)လုပ်ငန်းစဉ်ဆောင်ရွက်ရာတွင် အစီအစဉ်စနစ်မကျခဲ့သည့်အပြင် ညဘက်တွင် ဆေးဝါးများဖော်စပ်ခြင်းများဆောင်ရွက် လျက်ရှိပါသည်။

အင်္ဂလန်အခြေစိုက် ERM ကုမ္ပဏီ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ဆန်းစစ်လေ့ လာ ချက် (ESIA) တွေ့ရှိ ချက်စစ်တမ်းအရ (၁)မိုင်ပတ်လည်ရှိ မြေအောက်ရေများ ချောင်းရေများ အန္တရာယ် ရှိသော အနီးရောင်အဆင့်သို့ ရောက်ရှိခဲ့ပြီးဖြစ်ပါသည်။

စက်ရုံအတွက် ရေအရင်းအမြစ်အသုံးချမှုကြောင့်လည်း ခန့်မှန်းတွက်ချက်မှုများအရ မြေအောက်ရေ အဆိပ် သင့်အန္တရာယ်ထိခိုက်နိုင်ခြေရှိမည့်အလားအလာနှင့် ရေရှားပါးထိခိုက်မည့် အလားအလာများ တွေ့မြင် နေရပါသည်။

သဘာဝပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင်ဆန်းစစ်လေ့လာချက်(ESIA)ဆောင်ရွက်ရာတွင် စက်ရုံနှင့် [redacted]သည့် [redacted]ကျေးရွာအုပ်စု တစ်စုလုံးကို ဖျောက်ထားခြင်း (မြန်မာ့သြဘာ

မှ စာရင်း မှဖျောက်ထားခြင်း)၊ဒေသခံများအသိမပေးဘဲ စက်ရုံအပြီးသတ် အရှိန်မြှင့်တည်ဆောက်ခြင်း၊ စက်ရုံ စတင်လည်ပတ်ခြင်း၊ သတင်းအမှောင်ချထားခြင်းများ လည်းရှိခဲ့ပါသည်။

**လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စံသတ်မှတ်ချက်(၂)။ ။**

စက်ရုံတွင်လုပ်ကိုင်နေကြသော အလုပ်သမားများအတွက် အလုပ်ခန့်အပ်ရာတွင် စာချုပ်စာတမ်းမရှိခြင်း၊ အလုပ် သမားဥပဒေအတိုင်း လုပ်ဆောင်ရန်ပျက်ကွက်ခြင်း၊ ဒေသခံအလုပ် သများကို ယာယီနေ့စား အလုပ် သမားများအဖြစ်သာ ခန့်အပ်ခြင်း၊ အလုပ်သမားများအတွက် ကျန်းမာရေး စစ်ဆေးခြင်းမရှိခြင်း၊ လုပ် ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးဆောင် ရွက်မှုမရှိခြင်းစသည့် အလုပ်သမားအခွင့်အရေးချိုး ဖောက်မှုများ ရှိနေပါသည်။

ယင်းအချက်များက အလုပ်သမားများအတွက် တိကျခိုင်မာသည့် အာမခံချက်လုံးဝမရှိကြောင်း သေချာ စေပြီး ကတိကဝတ်စာချုပ်မရှိပဲ သုံးလသက်တမ်းသာရှိသည့် စာချုပ်ချုပ်ဆိုခြင်းမှာ အလုပ်သမားဥပ ဒေ နှင့် ကိုက်ညီခြင်းမရှိပါ။

**လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စံသတ်မှတ်ချက်(၃)။ ။**
လက်ရှိ အဆိပ်သင့်နေသော စွန့်ပစ်ရေများချောင်းထဲသို့ စွန့်ထုတ်ခြင်းကြောင့် မြေအောက်ရေမှာ အနီ ရောင် အ ဆင့်ရောက်ရှိလာပြီး ချောင်းများ၊ ရေတွင်းများမှ ရေကို အသုံးပြုသူများအား ထိခိုက်မှုရှိ နေ ပါသည်။

ထို့အပြင် စက်ရုံမှာ လူနေထူထပ်သောနေရာတွင် တည်ရှိခြင်း၊ သဘာဝအရင်းအမြစ်အသုံး ချမှုများ ပြား ခြင်း၊ ညစ်ညမ်းမှုကာကွယ်ရေးလုံးဝလစ်လျူရှု့ခြင်းများ၏ ကွင်းဆက်အနေဖြင့် မြေအောက်ရေ၊ ရေကိုအ ခြေခံ ဖြန့်ဖြူးသော အစားအသောက်များကို ထိခိုက်လာနိုင်ပါသည်။ အထူးသဖြင့် ရန်ကုန်မြို့သို့ ရေဖြန့် ဖြူး နေ သော ဖူးကြီးရေလှောင်ကန်ကို ထိခိုက်မှုရှိလာနိုင်ပါသည်။

**လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စံသတ်မှတ်ချက်(၄)**
ဒေသခံများ၏ ကျန်းမာရေးနှင့် လုံခြုံဘေးကင်းရေးကို မြန်မာ့သြဘာကုမ္ပဏီမှ မည်သည့် အစီအမံမျိုးမှ ပြုလုပ် ပေးခြင်းမရှိဘဲ ဘေးကင်းလုံခြုံမှုနှင့် ပညာရေးကျန်းမာရေးစီးပွားရေး ဘေးထွက်ဆိုးကျိုးများ ခံ စားနေရပါသည်။

စွန့်ပစ်ပစ္စည်းများမီးရှို့ရာတွင် ကောင်းစွာ စီမံထားခြင်းမရှိသဖြင့် လေထုညစ်ညမ်းခြင်း များရှိသကဲ့သို့ ပ ထဝီအနေအထားအရ စက်ရုံသည် ကုန်းမြင့်ပေါ်တွင်တည်ရှိနေခြင်းကြောင့် အောက်ခြေရှိ ကျေးရွာများ မှာ စက်ရုံမှ စွန့်ပစ်ရေများ၏ ဆိုးကျိုးသက်ရောက်မှု အန္တရာယ်ကို ခံစားနေရပါသည်။ ရေ၊လေ၊မြေတည်း ဟူ သော သဘာဝပတ်ဝန်းကျင်ထိခိုက်နေပါသည်။

ဆေးဝါးသယ်ယူစဉ် ကားမှ ဆေးများ ဖိတ်စဉ်ခြင်း၊ စက်လည်ပတ်ရာတွင် အနံ့ ဆိုးများထွက်ခြင်း၊ စွန့်ပစ် ပစ္စည်းများ မီးရှို့ခြင်းကြောင့် ညှော်နံ့များရခြင်းများကို ကျွန်ုပ်တို့ ဒေသခံလူထုအနေဖြင့် အကာအကွယ်မဲ့ ခံစားနေရပါသည်။

**လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စံသတ်မှတ်ချက်(၅)**

ကားများ၊စက်များ၊ ထွက်ကုန်များ သယ်ယူရာလမ်းများကို ပိတ်ထားခြင်း၊ ဒေသခံများ အသုံးပြုနေသည့် ရွာ ချင်းဆက်လမ်းအား ပိတ်ဆို့ကာရံထားပါသည်။(ရေတာရှည်- ဘိုးဒေါနကုန်း-ညောင်ကုန်း)လမ်းကို ကုမ္ပဏီမှ သိမ်းဆည်းထားသဖြင့် လူပဲသွားနိုင်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ အသုံးပြုနေသော စိုက်ပျိုး ရေးခြံများ၏ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုများ စီးဆင်းမှုကို အနှောင့်အယှက်ဖြစ်စေပါသည်။

**လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စံသတ်မှတ်ချက်(၆)**

ရက္ခ ဇီဝမျိုးစိပ်များမျိုးတုန်းပျောက်ကွယ်ရန်အလားအလာများရှိနေသည်။ အစိုးရစက်ရုံလည်ပတ်စဉ် ကာ လ ဖြစ်သော ၂၀၀၁ ခုနှစ်ဝန်းကျင်ကတည်းက ပုရစ်၊ လိပ်ပြာ၊ ငှက်မျိုးစုံ ပုဇဉ်း၊ ငါးမျိုးစုံ၊ သံပုရာခြံများ မျိုး သုန်း ပျောက်ကွယ်ခဲ့ရပြီး ပိတောက်၊သီဟိုဠ်၊သရက်လုံးဝစိုက်ပျိုးမရတော့ခြင်းဖြစ်ပေါ်ခဲ့ပါသည်။

ယင်းကြောင့် ဂေဟဗေဒထိမ်းသိမ်းရေးနှင့် သဘာဝ ပတ်ဝန်းကျင် အစဉ်တည်တံ့စေရန်စီမံမှုကို စက်ရုံမှ ပြုလုပ်စီမံထားခြင်းမရှိသည်ကို တွေ့ရသည့်အပြင် မကြာခဏ စက်ရုံမှ ရေဆိုးများစနစ်တကျစွန့်ပစ်မှု မရှိခြင်းကြောင့် ပတ်ဝန်းကျင်အနီးတစ်ဝိုက်ရှိ ကျွန်ုပ်တို့၏ မြေကွက်များပေါ်သို့ ရေလျှံမှုဖြစ်ခြင်းနှင့် စက်ရုံမှ ထွက်သော အနံ့ဆိုးများကို ခံစားနေရပါသည်။

စွန့်ပစ် ရေဆိုးများကြောင့်စပါးကြီးချောင်းအတွင်းရှိ ငါးအသေးမှ အကြီးအထိ သေဆုံးခဲ့ရပြီး ငါးနှင့် ရေ သ ယံ ဇာတမျိုးစိပ်များ ပျက်သုံးခြင်းနှင့် ငှက်မျိုးစိပ်များပျောက်ဆုံး ခြင်းဖြစ်ပေါ်နေပါသည်။

ရေသယံဇာတများမှာ သားငှက်တိရစ္ဆာန်များအတွက်လည်း သောက်သုံးမရ အခြေအနေ တွင်ရှိနေ ပါ သည်။

**လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စံသတ်မှတ်ချက်(၇)**

ဌာနေတိုင်းရင်းသားများဖြစ်သော တိုင်းရင်းသားများ၏ အဓိက အသက်မွေးကြောင်းဖြစ်သော ရှောက်၊ သံ ပုရာမျိုးတုံးပျောက်ကွယ်ခဲ့ရပြီးဖြစ်ပါသည်။ အခြား[redacted]င်းရင်းသားများနှင့် ဓလေ့နေထိုင်မှု ကွဲပြား သော [redacted]များ၏ လွန်ခဲ့သော နှစ် ၁၀၀ ဝန်းကျင် ကတည်းက ဉယျာဉ်ခြံမြေဖြစ်သော သံ ပု ရာ၊ ကျွဲကော၊ ရှောက်စိုက်ပျိုးမှု ဓလေ့သည် ၁၉၈၆ ခုနှစ် စတင်လည်ပတ်သော ဓာတ်ငွေ့များကြောင့် ၁၉၉၅ တွင် အပင်များပျက်ဆီးဆုံးရှုံးသွားပါသည်။

ယင်းသို့ ဌာနေတိုင်းရင်းသားများ၏ အသက်မွေးဝမ်းကျောင်းထိခိုက်မှုများကို ဖော်ပြထားခြင်း မရှိသည့် အပြင်  ဌာနေမျိုးနွယ်စုတိုင်းရင်းသားများ၏ တည်ရှိနေမှုများကိုလည်း ဖော်ပြထားခြင်းမရှိပါ။

ယနေ့တိုင်သံပုရာပင်၊ ကျွဲကော၊ရှောက်ပင်များ ပြန်လည်စိုက်ပျိုးမရတော့ခြင်းကြောင့် လူနဲစုဖြစ်သော [redacted]င်းရင်းသားများအတွက် အလုပ်အကိုင်နှင့် ဘဝရပ်တည်မှုအခက်အခဲများနှင့် ကြုံတွေ့နေ ရပါ သည်။

**လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စံသတ်မှတ်ချက်(၈)**

စက်ရုံဘေးတွင် လက်ရှိတည်ဆောက်ပြီး/တည်ဆောက်ဆဲ စေတီများ၊ သာသနာပြုကျောင်းများ၊ ဗုဒ္ဓဘာ သာကိုးကွယ်ကြသော ဘုန်းတော်ကြီးကျောင်း ၁၁ ကျောင်းရှိပါသည်။

ခေတ်အဆက်ဆက် သွားလာအသုံးပြုနေသော ဝါးနက်ချောင်းအုပ်စု ညောင်ကုန်းရွာနှင့် ဘိုးဒေါ်နကုန်း ကျေး ရွာအုပ်စု ရွာချင်းဆက် ဆက်သွယ်ရေးလမ်းအား ခြံစည်းရိုးခတ်ပြီး အပိုင်ယူထားခြင်းကြောင့် ဗုဒ္ဓ ဘာသာဝ င်တို့၏ ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သော စက်ရုံနောက်ရှိ ဘုရားပုထိုးများ၊ သာသနာပြု ကျောင်း များ၊ သာသနာ့ အဆောက်အဦးများသို့ ဝင်ရောက်ရန် ကျွန်ုပ်တို့အတွက် လမ်းမရှိတော့ပါ။ သံ ဃာ တော် များ ဆွမ်းခံနိုင်ခြင်းမရှိတော့ပါ။

လေထုညစ်ညမ်းမှု အနံ့ဆိုးများကြောင့် တရားဘာဝနာရှုမှတ်ရာတွင် ဓာတုအဆိပ်များ ရှူရိုက်နေရပါ သည်။ ကျောင်းကန်ဘုရားများ သွားရာလမ်းများကို  ခြံစည်းရိုးများ ကာရံပိတ်ဆို့ထားခြင်းကြောင့်လည်း ယဉ်ကျေးမှု အမွေအနှစ်များ ဆုံးရှုံးမှုနှင့် ဒေသခံများကြုံတွေ့နေရပါသည်။

အနှစ်ချုပ်၍ တင်ပြရမည်ဆိုလျှင် ပထဝီအနေအထားအရ စက်ရုံတည်နေရာသည် ကုန်းမြင့်တွင် ရှိပြီး လူ နေထူထပ်သော ကျေးရွာအုပ်စုများ၊တပ်ရင်းတပ်ဖွဲ့များ အလယ်တွင်တည် ဆောက်ထားခြင်း၊ မော်ဘီမြို့ သည် မြေအနေအထားအရ စက်ရုံအောက်တွင်တည်ရှိနေသဖြင့် ရေစီးဆင်းမှုအရ လွန်စွာ အန္တရာယ်ကြီး နေခြင်းကြောင့် လက်ရှိစက်ရုံအားပိတ်သိမ်းပြီး မြို့နယ်၊ကျေးရွာ၊ ရပ်ရွာနေသူများ၏ ဝေးရာသို့ တည်နေ ရာ ရွှေ့ပြောင်းပေးပါရန် တောင်းဆိုအပ်ပါသည်။

မြန်မာ့သြဘာဓာတုဆေးဝါးစက်ရုံကန့်ကွက်ရေး ဒေသခံအဖွဲ့

-ပူးတွဲ(တိုင်ကြားသူများ၏ လက်မှတ်)